# တရုတ်နိုင်ငံမှာ ဒီမိုကရေစီ မရမီ တည်ငြိမ်နေဖို့လို

အရှေ့အာရှရဲ့အနာဂတ်နဲ့ ပတ်သက်လို့ အရေးပါဆုံး မေးခွန်းတွေ မေးလာပြီဆိုရင် အဲဒီထဲက တခုကတော့ တရုတ်ရဲ့ နိုင်ငံရေးစနစ်ဟာ နိုင်ငံတွင်းမှာ တဖြည်းဖြည်းချင်း ပြောင်းလဲ တိုးတက်လာနေသလား ဆိုတာပဲ ဖြစ်ပါလိမ့်မယ်။ တရုတ်နိုင်ငံရဲ့စီးပွားရေးဟာ ဒလဟောကိုပဲ တိုးတက်လာတာနဲ့အတူ ကမ္ဘာ့အင်အားကြီး နိုင်ငံအဖြစ်လည်း ထွက်ပေါ်လာပါတယ်။ ဒါတွေဟာ အာဏာရှင်ကွန်မြူနစ်ပါတီရဲ့ဦးဆောင်မှုအောက်ကနေ ပြောင်းလဲသွားတာ ဖြစ်ပါတယ်။

အမှန်မှာတော့ တရုတ် ကွန်မြူနစ်ပါတီဆိုတာ ဒီမိုကရေစီကျကျ ရွေးကောက်တင်မြှောက်လို့ ဖြစ်နိုင်တဲ့ပါတီ မဟုတ်ပါဘူး။ ဒ့ါအပြင် မာ့က်ခ်စ်နဲ့ လီနင်တို့ရဲ့ အတွေးအခေါ်နှစ်ရပ်ကို ပေါင်းစပ်ထားတဲ့ တရုတ်ကွန်မြူနစ် ကိုယ်ပိုင်အတွေးအခေါ်အပေါ်မှာ အခြေခံလို့လည်း မရနိုင်ပါဘူး။

ဒါဆိုရင် ဒီလို ပုံစံမျိုးဟာ ရေရှည်ခံပါ့မလား။ စီးပွားရေး တိုးတက်မှုနဲ့အတူ၊ စီးပွားရေး လွတ်လပ်ခွင့်တွေ ရှိလာတာနဲ့အမျှ လူနေမှု စရိုက်သဘာဝတွေလည်း အထိုက်အလျောက် ပြောင်းလဲသွားမှာဖြစ်လို့ အဲဒီလို အပြောင်းအလဲဒဏ်ကြောင့် တရုတ်ကွန်မြူနစ်ပါတီဟာ မတည်မငြိမ် ဖြစ်လာမလား။ ဒါမှမဟုတ်လည်း နောက်ဆုံးကျတော့ ဒီမိုကရေစီနိုင်ငံအဖြစ်ကို အဆင့်ဆင့် ပြောင်းလဲပေးရတော့မလားလို့ မေးစရာ ဖြစ်နေ ပါတယ်။

ဘယ်လိုရလဒ်ပဲ ထွက်လာလာ၊ တရုတ်နိုင်ငံရဲ့ ပြောင်းလဲမှုတွေဟာ ပတ်ဝန်းကျင် အိမ်နီးချင်းနိုင်ငံတွေနဲ့ ကမ္ဘာ့နိုင်ငံတွေကို ခြုံပြီး အကျိုးသက်ရောက်သွားစေမှာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ပိုပြီး ချမ်းသာကြွယ်ဝလာလို့ရှိရင် သူ့ရဲ့ နိုင်ငံရေးစနစ်ဟာ ကွန်မြူနစ်ကနေ ဒီမိုကရေစီ အသွင်ကို အဆင့်ဆင့် ပြောင်းလဲသွားလိမ့်မယ်လို့ အမေရိကန်နိုင်ငံက ဟိုးတုန်းကတည်းက ယုံကြည်ထားခဲ့ ကြပါတယ်။ မယုံကြည်ဘူး ဆိုရင်တောင် မျှော်လင့်နေခဲ့တယ်လို့ဆိုရင် ပိုပြီးသင့်တော်မလားပဲ။

ဒီလို မျှော်လင့်နိုင်ရတာကလည်း အကြောင်းရှိပါတယ်။

လူတဦးချင်းရဲ့ အမျိုးသား ထုတ်လုပ်နိုင်စွမ်း(GDP)နဲ့ တိုင်းတာထားတဲ့ တိုင်းပြည်ရဲ့ စီးပွားရေးတိုးတက်မှု ရေချိန်ဟာ ဒီမိုကရေစီစနစ်နဲ့ အတော်လေး ဆက်စပ်နေတယ်ဆိုတာ သမိုင်းကြောင်း သက်သေတွေ ရှိနေ ပါတယ်။ ရေချိန်မြင့်သလို ဒီမိုကရေစီ အသွင်ကူးပြောင်းတတ်ပါတယ်။

တဦးချင်းဝယ်ယူနိုင်စွမ်းအား (purchasing power parity)က တနှစ်မှာ အမေရိကန်ဒေါ်လာ ရှစ်ထောင် ကနေ တသောင်းကြား ရှိလာတယ်ဆိုရင် ဒီအဆင့်မှာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ တိုင်းပြည် စီးပွားရေးခေတ် ကုန်ဆုံးသလောက် ဖြစ်သွားပြီး မြို့ပြ စက်မှုစီးပွားရေးစနစ်က ပိုမိုရှင်သန်နေပြီ ဖြစ်ပါတယ်။ ၁၉၈၀ဝန်းကျင်နှစ်တွေတုန်းက တောင်ကိုးရီးယား၊ ထိုင်ဝမ်တို့ဟာ ဒီလိုမျိုး တိုးတက်မှုလောက်နီးနီး ရလာလို့ ဒီမိုကရေစီကို အသွင်ပြောင်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီအဆင့်မျိုးကို ဂျပန်နိုင်ငံက လွန်ခဲ့တဲ့ ဆယ်စုနှစ်များစွာ ကတည်းက ရောက်ရှိနေခဲ့ပြီး ဖြစ်နေပါတယ်။

တကယ်လို့သာ ဟောင်ကောင်က လွတ်လပ်တဲ့ နိုင်ငံတခု ဖြစ်မယ်ဆိုရင် ဒီနေ့ဒီအချိန်မှာ ဒီမိုကရေစီ ဖြစ်နေ မှာပဲလို့ ယုံကြည်လောက်စရာပါ။ ဒီမိုကရေစီ နိုင်ငံမဟုတ်တဲ့ ပါရှန်ပင်လယ်ကွေ့နိုင်ငံမျိုးမှာတော့ ချမ်းသာပြီး တဦးချင်းဝယ်ယူနိုင်စွမ်းအား မြင့်တယ်ဆိုပေမယ့် သူတို့နိုင်ငံသားတွေရဲ့ ကျွမ်းကျင်လုပ်အားအပေါ် အခြေ ပြုထားတဲ့ စီးပွားရေးတိုးတက်မှုမျိုး မဟုတ်ပါဘူး။ အဲဒီလိုနိုင်ငံမျိုးတွေဟာ သဘာဝသယံဇာတကနေ အကျိုး ဖြစ်ထွန်းတဲ့အပေါ် အခြေပြုထားရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီ ကျင့်သုံးဖို့ အားပေးတဲ့ လူနေမှု စနစ် ပြောင်းလဲရေးကို ကွေ့ရှောင်ထွက်သွားနိုင်ကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် စီးပွားရေး တိုးတက်လာတာနဲ့အမျှ ဒီမိုကရေစီ အသွင်ကူးပြောင်းဖို့ ဘာကြောင့် အားကောင်းလာ ရသလဲလို့ မေးစရာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကောက်ချက်ဆွဲထားတဲ့ သီအိုရီ အတော်များများ ရှိပါတယ်။

သီအိုရီတခုမှာတော့ ပြည်သူတွေဟာ အရင်ထက်ပိုပြီး စာတတ်လာကြတဲ့အခါ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးလာလို့ များပြားရှုပ်ထွေးလှတဲ့ အလုပ်တွေကို ပိုင်းခြားသတ်မှတ်လာကြရတဲ့အခါ နိုင်ငံရေးမှာ ပိုမိုပါဝင်နိုင်ဖို့ တောင်းဆိုလာကြတယ်လို့ ဆိုထားပါတယ်။ လူနေမှု ပုံစံသစ်တွေ ထွက်ပေါ်လာပြီး သူတို့လည်း နိုင်ငံရေး ဆုံးဖြတ်ချက်တွေမှာ ကိုယ်တိုင်ပါဝင်နိုင်ဖို့၊ သူတို့အခွင့်အရေးတွေ ကာကွယ်ဖို့အတွက် ပြောချင်ဆိုချင် လာတတ်ကြပါတယ်။

အဲဒီလို ဖြစ်စဉ်မျိုးကို ၁၉၈၀ ဝန်းကျင်နှောင်းပိုင်းလောက်က တောင်ကိုးရီးယားနိုင်ငံမှာ တွေ့ရပါတယ်။ တောင်ကိုးရီးယား အလုပ်သမားတွေ၊ ကျောင်းသားတွေ၊ အသစ်ထွက်ပေါ်လာတဲ့ လူနေမှု အသိုင်းအဝိုင်းတွေက စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ဖျက်တုန်းက ဖြစ်ပါတယ်။ လူလတ်တန်းစားတွေမှာ မရွှေ့မပြောင်းနိုင်တဲ့ ပိုင်ဆိုင်မှုတွေနဲ့အတူ အဲဒါတွေကို အာမခံထားတဲ့ ပိုင်ဆိုင်ခွင့်တွေ ရှိလာပါတယ်။ ဒီလို လူလတ်တန်းစားတွေ တိုးတက်လာလို့ ဒီမိုကရေစီကို တည်တည်ငြိမ်ငြိမ် ထိန်းသိမ်းသွားနိုင်ဖို့ အထူး အရေးပါတဲ့ အခြေအနေတရပ် ဖြစ်လာပါတယ်။

ဒီသီအိုရီအရ ဆိုရင်တော့ တရုတ်နိုင်ငံမှာ ဒီမိုကရေစီကို ထိန်းသိမ်းနိုင်မယ့် စီးပွားရေး တိုးတက်မှု အဆင့်ကို တော်တော်နဲ့ မရောက်နိုင်သေးပါဘူး။ တရုတ်နိုင်ငံရဲ့တဦးချင်း အမျိုးသားထုတ်လုပ်နိုင်စွမ်းကို ကမ္ဘာ့ဘဏ်က လတ်တလော တွက်ချက်ထားရာမှာတော့ တဦးချင်း ဝယ်ယူစားသုံးနိုင်စွမ်းဟာ တနှစ်ကို အမေရိကန်ဒေါ်လာ(၇၀၀၀) တဝိုက်လောက် ရှိနေပါတယ်။ ဒါပေမယ့် အခုလိုတွက်ချက်ထားတာကို အတည်လို့ မယူဆနိုင်ပါဘူး။ ကမ္ဘာ့ဘဏ်ဟာ သူတို့တွက်ချက်ထားတာကို (၄၀)%လောက်အထိ ပြန်လျှော့ထားတတ်တယ်လို့ သိရပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)လောက်က ထိုင်ဝမ်နဲ့ တောင်ကိုးရီးယားတို့ စတင်တိုးတက်လာတဲ့အဆင့်ကို တရုတ်နိုင်ငံက ရောက်ရှိလာဖို့ နောက်ထပ်နှစ် နည်းနည်းတော့ ကြာနေဦးမှာ ဖြစ်ပါတယ်။

ပြီးတော့လည်းပဲ တရုတ်နိုင်ငံမှာ ချမ်းသာကြွယ်ဝမှုနဲ့ ဒီမိုကရေစီကို အလိုအလျောက် ဆက်စပ် မပေးနိုင်သေးပါဘူး။ အထူးသဖြင့် ဒီမိုကရေစီ ကျင့်စဉ်တွေကို အခြေခံပြီး နိုင်ငံရေးမှာ လူလတ်တန်းစားတွေ ပါဝင်ကြရမယ်ဆိုတဲ့ တာဝန်တရပ်ကတော့ မရှိမဖြစ် အနေအထားကို မရောက်သေးပါဘူး။ ဒီမိုကရေစီကို ပိုမိုကျင့်သုံးနိုင်ဖို့ ကြိုးပမ်းတာတွေအပေါ် တရုတ်နိုင်ငံမှာ အားပေးအားမြှောက်လည်း မရှိသေးပါဘူး။

တရုတ်နိုင်ငံမှာ အသစ်ထွက်ပေါ်လာတဲ့ လူလတ်တန်းစားတွေကို ဘေ့ကျင်းနဲ့အခြားမြို့တွေက ကျောင်းသားတွေ ဦးဆောင်ပြီး ၁၉၈၉ ခုနှစ်က တီယံနာမင် ရင်ပြင်မှာ အစိုးရ ဆန့်ကျင်ရေး အပြင်းအထန် လှုပ်ရှားခဲ့ကြပါတယ်။ အရှိန်အမြင့်ဆုံး အဆင့်မှာ တရုတ်အစိုးရက အင်အားသုံး ဖြိုခွဲ အဆုံးသပ်တာ ခံလိုက်ရဖူးပါတယ်။

ဒါပေမယ့် အဲဒီနောက်ပိုင်းမှာတော့ လူလတ်တန်းစားတွေကို တရုတ်အစိုးရက အကြီးအကျယ် စည်းရုံးသိမ်းသွင်းပြီး မြန်မြန်ဆန်ဆန် ချမ်းသာကြွယ်ဝလာအောင် စီးပွားရေးလုပ်ခွင့်တွေ ပေးလိုက်ပါတယ်။ ငွေကြေး ပြည့်စုံလာတဲ့အခါမှာ တရုတ်နိုင်ငံသားတွေဟာ မော်တော်ကားတွေ၊ မြို့ပြတိုက်ခန်းတွေကို ဝယ်ယူလာနိုင်ကြပါတယ်။ လိုရင်းကတော့ သူတို့ဟာ တည်ငြိမ်မှုကိုပဲ စိတ်ဝင်စားလာကြပါတော့တယ်။ (ခေတ်ပညာတတ် လူလတ်တန်းစားတွေဟာ အစိုးရ ဆန့်ကျင်ရေးတွေလုပ်ပြီး စွန့်စားရတာထက် လုံခြုံစိတ်ချရတဲ့ လူနေမှုစနစ် ကောင်းမွန်ဖို့ကိုသာ ပိုမို ဆန္ဒရှိလာကြပါတယ်။ *ဘာသာပြန်သူရဲ့ ရှင်းလင်းချက်*)

တရုတ် ကွန်မြူနစ် အစိုးရကလည်း လူလတ်တန်းစားတွေရဲ့ ပိုင်ဆိုင်ကြွယ်ဝမှုကို ကောင်းကောင်း ကာကွယ်ပေးနေခဲ့ပါတယ်။ အမှန်တော့ ၁၉၉၀ ဝန်းကျင်က ရုရှားမှာ ဒီမိုကရေစီ အသွင်ပြောင်းတုန်း မမျှော်လင့်ပဲ ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ရတာတွေကို သင်ခန်းစာယူမိလို့ ဖြစ်ပါတယ်။ ဒါကြောင့် တရုတ် ကွန်မြူနစ်အစိုးရဟာ တရားဝင် အခိုင်အမာ ရပ်တည်နိုင်ဖို့အရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရေးကြီးဆုံးအဖြစ် အာရုံစိုက်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ဒီကနေ့ခေတ် လူလတ်တန်းစား ပုံစံသစ်မှာ ပိုင်ဆိုင်ကြွယ်ဝမှုကို တကယ်တမ်း ထိပါး ခြိမ်းချောက်လာနေတာကတော့ အခြား မဟုတ်ပါဘူး။ ပြည်သူတွေဟာ ဒီမိုကရေစီရဲ့ အရသာကို ပိုမို ခံစားချင်နေကြတာပဲ ဖြစ်ပါတယ်။ ဒါကတော့ တရုတ် ကွန်မြူနစ်အစိုးရက ဘယ်လောက်ပဲလုပ်လုပ် ရှောင်တောင်ရှောင်သွားရတဲ့ အဖြစ်ပါ။

အကြောင်းကတော့ ဒီလိုပါ။ တရုတ်နိုင်ငံမှာ မြို့ကြီးတွေ၊ ကမ်းရိုးတန်းဒေသတွေဟာ ချမ်းသာကြွယ်ဝလာသလောက် အဲဒီလောက် မတိုးတက်သေးတဲ့ ကျန်ဒေသအတော်များများမှာ လူဦးရေသန်းရာနဲ့ချီပြီး ရှိနေတဲ့ ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်း မပေးနိုင်သေးတာ ဖြစ်ပါတယ်။

အာရှဘဏ်က ပြုစုတဲ့ ကိန်းဂဏန်းအရ ဒီလို မညီမမျှ ဖြစ်နေရတာကို ရှင်းရှင်းလင်းလင်း သိရပါတယ်။ ဝင်ငွေညီမျှမှု မရှိတဲ့ ဇယား (Gini coefficient)မှာ တရုတ်နိုင်ငံဟာ ၁၉၇၄ ခုနှစ်က (၀.၄၀၇) ရှိခဲ့ရာကနေ ၂၀၀၄ ခုနှစ်မှာ (၀.၄၇၃) ကို မြင့်တက်လာခဲ့ပါတယ်။ (*သုညကနေ ၁ အထိရှိတဲ့ အဲဒီဇယားမှာ ၀ ရှိရင် လူတိုင်းက ညီမျှတဲ့ဝင်ငွေ ရှိနေပြီး၊ ၁ ဆိုရင် ရတဲ့သူက ရနေပြီး မရတဲ့သူက လုံး၀ မရတာကို ညွှန်းတဲ့ ဇယား ဖြစ်ပါတယ်။ ဘာသာပြန်သူရဲ့ ရှင်းလင်းချက်*)

ဒီလို ဝင်ငွေမညီမျှမှု ကိန်းဂဏန်းအရဆိုရင် တရုတ်နိုင်ငံဟာ အမေရိကန်အပါအဝင် အခြား အဖွံ့ဖြိုးဆုံးနိုင်ငံတွေထက် အဆပေါင်းများစွာ မြင့်မားကွာဟနေတာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံရဲ့ အချမ်းသာဆုံး လူဦးရေ (၁၀)%ရဲ့ဝင်ငွေဟာ အဆင်းရဲဆုံး (၁၀)%ရဲ့ဝင်ငွေထက် (၁၂)ဆနီးပါး မြင့်မားကွာဟနေပါတယ်။

အကျိုးဆက်ကတော့ တရုတ်နိုင်ငံ အတွင်းပိုင်းက ဆင်းရဲသားတွေ၊ အများစုက တောင်သူလယ်သမားတွေဟာ အစိုးရ ဆန့်ကျင်ရေးနဲ့ အုံကြွမှုတွေကို အခြေခံလုပ်ငန်းစဉ်အဖြစ်နဲ့ အပတ်တိုင်း သိသိသာသာ လှုပ်ရှားလာနေကြတာပဲ ဖြစ်ပါတယ်။

လူလတ်တန်းစားတွေက ဒီမိုကရေစီကို ဆန့်ကျင်တယ်ဆိုတာ တကယ်တော့ လူအတော်များများက ထင်ထားတာထက် ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သတိပြုစရာတခုပါ။

နမူနာပြရရင် ၁၉၉၂ခုနှစ်က ထိုင်းနိုင်ငံမှာ လူလတ်တန်းစားတွေက ထိုင်းစစ်တပ်ကို နိုင်ငံရေးလောကထဲက မောင်းထုတ်တဲ့ ဒီမိုကရေစီ ထောက်ခံပွဲကို လှုပ်ရှားခဲ့ကြပါတယ်။ ဒါပေမယ့် ၂၀၀၆ခုနှစ် စက်တင်ဘာမှာ လူလတ်တန်းစားတွေကပဲ စစ်တပ်အာဏာသိမ်းတာကို တိတ်တိတ်ဆိပ်ဆိပ် ထောက်ခံခဲ့ကြပြန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထိုင်းလူလတ်တန်းစားတွေဟာ အဲဒီတုန်းက ထိုင်းဝန်ကြီးချုပ် သာ့ခ်ဆင် ရှင်နာဝပ်ထရာနဲ့ သူ့ရဲ့ Thai Rak Thai ပါတီကို အကျင့်ပျက် ခြစားတယ်ဆိုပြီး အပြင်းအထန် ဆန့်ကျင် ရှုံ့ချနေခဲ့ကြလို့ဖြစ်ပါတယ်။ အဲဒီအချိန်လောက်တုန်းကဆိုရင် ဝန်ကြီးချုပ်သာ့ခ်ဆင်ဟာ အနာဂတ်မှာ စီးပွားတိုးတက်ရေးအတွက် ကျေးလက်ဆင်းရဲသားတွေကို ကူညီထောက်ပံ့ပေးဖို့ မူဝါဒတွေ ချမှတ် လုပ်ဆောင်နေတာကို လူလတ်တန်းစား အားလုံးက စိတ်အနှောင့်အယှက် ဖြစ်နေခဲ့ရလို့ ပါပဲ။

တကယ်လို့များ တရုတ်နိုင်ငံက ဒီကနေ့ ဒီမိုကရေစီကို အသွင်ပြောင်းလိုက်မယ်ဆိုရင် နိုင်ငံရေးအရ အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာမှာ မလွဲမသွေ ပါပဲ။ အဲဒီလိုအချိန်မျိုး ယေဘူယျအနေအထားမှာ နိုင်ငံရေး မတည်ငြိမ်ဘူးဆိုရင် လူလတ်တန်းစားတွေရဲ့ အကျိုးစီးပွား ဖြစ်ထွန်းမှုကို ခြိမ်းချောက်လာနိုင်စရာ ရှိနေပါလိမ့်မယ်။

ဆင်းရဲသားတွေအတွက် လူမှုဖူလုံရေးလုပ်ငန်းတွေ ပိုမို လုပ်ဆောင်ပေးရမယ့် ကဏ္ဍမှာ စိတ်တိုင်းကျ ပြည့်မီအောင် မလုပ်ပေးနိုင်တာတွေ အများကြီး ရှိနေပါသေးတယ်။ တရုတ်အစိုးရက မြို့နယ်-ကျေးရွာ စီးပွားရေး (TVEs)တွေအတွက် ချမ်းသာတဲ့ ဒေသခံအာဏာပိုင်တွေနဲ့ စုစည်းပေးထားပေမယ့် သူတို့ဟာ အကျင့်ပျက်ခြစားပြီး ကိုယ်ကျိုးရှာသမားတွေသာ ဖြစ်နေတတ်ပါတယ်။ တရုတ်နိုင်ငံမှာ ဒီမိုကရေစီ ခံစားခွင့်ကို ပိုမို ရရှိလာမယ်ဆိုရင် လူဦးရေ တိုးပွားနှုန်း ပေါက်ကွဲသွားနိုင်ပါတယ်။ ဒါဟာ ထိုင်းနိုင်ငံမှာ ဝန်ကြီးချုပ်ဟောင်း သာ့ခ်ဆင်က ဒီမိုကရေစီ ပြန်လည်ထူထောင်ဖို့ ကြိုးပမ်းရာမှာ ကြုံရမယ့်အဖြစ်ထက် ပိုပြင်းထန်တဲ့ အကျိုးဆက် ဖြစ်ပါလိမ့်မယ်။

ဒီအချက်တွေကြောင့် ထိုင်ဝမ်နဲ့ တောင်ကိုးရီးယားမှာလို တဖြည်းဖြည်းနဲ့ တဆင့်ချင်း ဆက်စပ်ပြီး အေးချမ်းတည်ငြိမ်စွာ ဒီမိုကရေစီ အသွင်ပြောင်းသွားတာမျိုး တရုတ်နိုင်ငံမှာ မကြာခင် ဖြစ်လာမှာ မဟုတ်ဘူးလို့ ဆိုလိုပါတယ်။ ဒါဟာ ကျနော့် ထင်မြင်ယူဆချက်ပါ။ စီးပွားဖွံ့ဖြိုးတိုးတက်မှု ဆိုတာကို အခုအခါမှာ တရုတ်နိုင်ငံရဲ့ ချမ်းသာကြွယ်ဝသူတွေနဲ့ လူလတ်တန်းစားတွေက ခံစားနိုင်ကြပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ကျေးလက်

ဒေသမှာရှိနေတဲ့ ဆင်းရဲသားလူတန်းစား တရပ်လုံးက မျှဝေခံစားနိုင်ဖို့လည်း လိုအပ်နေပါသေးတယ်။ ဒါမျိုး မဖြစ်နိုင်သရွေ့ တရုတ်နိုင်ငံမှာ ဒီမိုကရေစီ ဖြစ်ထွန်းဖို့အရေးဟာ တည်ငြိမ်နေမှာ မဟုတ်နိုင်ပါဘူး။

တရုတ်အစိုးရဟာ လူမှုရေးစနစ် ပေါက်ကွဲတော့မယ့် ယမ်းအိုးကြီး အပေါ်မှာ ထိုင်နေရတယ်ဆိုတာ သူတို့ သိနေကြပါတယ်။ လက်ရှိမှာ သက်သေပြနေတာတွေလည်း အများကြီး ရှိနေပါတယ်။ တောင်သူ လယ်သမားတွေ၊ အလုပ်သမားတွေဟာ ကွန်မြူနစ်စနစ်ကို ထောက်ခံတဲ့ အခြေခံလူတန်းစား ဖြစ်ပေမယ့် အခုတော ကွန်မြူနစ်အစိုးရကို ဆန့်ကျင် ဆန္ဒပြကုန်ကြပါပြီ။

ဘယ်လိုဆန္ဒပြတာမျိုးမဆို အစိုးရအနေနဲ့ အောင်အောင်မြင်မြင် နှိမ်နင်းနိုင်နေတုန်းပါပဲ။ ဒါပေမယ့် ဆန့်ကျင် ဆန္ဒပြသူတွေ ဒေါသ မပေါက်ကွဲနိုင်စေဖို့ အရေးကြီးတာတခုခု လုပ်ပေးရတော့မယ်လို့ တရုတ်အစိုးရက သိနေပါတယ်။ ဒါကြောင့် နိုင်ငံခြားအရန်ငွေ အမေရိကန်ဒေါ်လာ ကုဋေပေါင်း တသိန်းခွဲနီးပါးကို လျာထား ချက် မပြည့်မီသေးတဲ့ လူမှုရေးကဏ္ဍမှာ မြှင့်တင်သုံးစွဲဖို့ ရှိပေမယ့် အင်မတန်မှ နှေးကွေးနေလွန်းတာ တွေ့ရ ပါတယ်။

တရုတ်နိုင်ငံမှာ ဒီမိုကရေစီ ဖြစ်ထွန်းဖို့ အလားအလာဟာ လတ်တလောမှာတော့ အကောင်းကြီး မဟုတ် သေးပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ရေရှည်မှာ ဒီမိုကရေစီ ပိုမိုထွန်းကားအောင် လုပ်ဆောင်ရဖို့တော့ ရှိနေပါပြီ။ ကနေ့ တရုတ်ပြည်မှာ နိုင်ငံရေးအရ တာဝန်ခံနိုင်မှုဆိုတာ အရင်ထက်စာရင် တိုးတက်လာပါတယ်။ ပြည်သူ တွေအနေနဲ့ နစ်နာဆုံးရှုံးတာရှိရင် သူတို့ဟာ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ တရုတ် ကွန်မြူနစ် ပါတီကို စုပေါင်း လက်မှတ်ထိုး တောင်းဆိုနိုင်ကြပါပြီ။ ဒီအခါမှာ ပါတီကလည်း ပြည်သူတွေအတွက် လိုအပ်ချက်တခုခုကို ဖြည့်ဆည်းပေးလိမ့်မယ်လို့ မျှော်လင့်ရတဲ့ အခြေအနေ ဖြစ်လာနေပါတယ်။

လွန်ခဲ့တဲ့ တနစ်ကျော်လောက်ကတည်းက တရုတ်နိုင်ငံလုပ် ပစ္စည်းတွေကို နိုင်ငံခြားတိုင်းပြည်တွေက သုံးစွဲဖို့ ငြင်းဆန်နေခဲ့ကြပါတယ်။ တရုတ်လုပ် ပစ္စည်းတွေဟာ ရေရှည်မခံပဲ ပျက်သွားတတ်တာ၊ လူကို အဆိပ်အတောက် ဖြစ်စေပြီး အန္တရာယ် ပေးနိုင်တာတွေကြောင့် ဖြစ်ပါတယ်။ ဒီလို ဖြစ်နေတဲ့အခါမှာ တရုတ် အာဏာပိုင်တွေက အရည်အသွေး စံမီအောင် ထိန်းချုပ်နိုင်ဖို့ ကုမ္ပဏီတွေကို တင်းတင်းကြပ်ကြပ် စည်းကမ်း သတ်မှတ်ပေးရပါတော့တယ်။ တရုတ်ဟာ သူတို့ရဲ့နိုင်ငံခြားဈေးကွက်ကို လက်လွှတ်ဆုံးရှုံး မခံချင်ပါဘူး။ နိုင်ငံခြားတိုင်းပြည်တွေက ဝေဖန်လာရင်လည်း ဆတ်ဆတ်ထိ မခံနိုင်အောင် ကြိုးစား ပြုပြင်လာပါတယ်။

ဒါပေမယ့် အဲဒီ တရုတ် ကုမ္ပဏီတွေကပဲ ပြည်တွင်းမှာ ပြန်ရောင်းတဲ့အခါကျတော့ သူတို့နိုင်ငံသား စားသုံး သူတွေကို အဆိပ်အတောက် ဖြစ်စေတာရှိတတ်ပါတယ်။ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတာမျိုးလည်း ရှိပါတယ်။ ဒါတွေဟာ နှစ်ပေါင်းများစွာ ဖြစ်ပျက်နေတာတွေပါ။ ဒီအတွက်ကတော့ အကျိုးသက်ရောက်တဲ့ ပြုပြင်မှုတွေ ဘာမှ ရှိမနေပါဘူး။

ပြဿနာတက်လာလို့ ဖြေရှင်းတဲ့နည်းလမ်းကတော့ တခုတည်းပဲ ရှိပါတယ်။ အဲဒါကတော့ နောက်ဆုံးမှာ နိုင်ငံရေးအရ တာဝန်ခံနိုင်မှုအဆင့်ကို အများကြီး လျှော့ချပစ်လိုက်တာပဲ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ အမှားလုပ်မိတာဟာ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ပဲ ဆိုင်ပြီး အထက်မှာရှိတဲ့ ကွန်မြူနစ်ပါတီက တာဝန် မယူပဲ နေတတ်ကြပါတယ်။ တာဝန်ရှိသူတွေဟာ ကွန်မြူနစ်ပါတီရဲ့အထက်အဆင့်ဆင့်အပြင် သက်ဆိုင်ရာ ပြည်သူတွေကိုပါ ပြဿနာ ပြေလည်အောင် ရှင်းယူရပါတော့တယ်။

တကယ်လို့ လွတ်လပ်တဲ့ သတင်းစာရှင်းလင်းပွဲကနေ အမှားလုပ်တာတွေကို ဖွင့်ချလာတဲ့အခါမျိုး၊ လူနေမှု အသိုင်းအဝိုင်းက ပြုပြင်ဖို့ တောင်းဆိုလာတဲ့အခါမျိုး မဟုတ်မချင်း သက်ဆိုင်ရာ တာဝန်ရှိသူတွေက သူတို့ မှာ တာဝန်ရှိတယ်လို့ မယူဆပဲ နေတတ်ကြပါတယ်။ အခုလို တိုတိုတောင်းတောင်း ပုံစံအနေနဲ့ တာဝန်ခံ နိုင်မှု အောက်ဆွဲချတာမျိုးကို အခြားမှာတော့ ဒီမိုကရေစီလို့ ခေါ်နေကြပါတယ်။

ဒီမိုကရေစီဟာ အာရှတိုက်မှာ အများလက်ခံကျင့်သုံးနေကြတဲ့ ကွန်ဖြူးရှပ်စ်ရဲ့တန်ဖိုးနဲ့ လိုက်ဖက်မညီပါဘူး လို့ စင်္ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း လီကွမ်းယူက စောဒက တက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ခေတ်သစ် ဒီမိုကရေစီ ဆိုတာ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးတွေကို အလေးအနက်ထားတဲ့ ကျင့်စဉ် ဖြစ်သလို လူမှုရေး

ပဋိပက္ခတွေကို ပြေလည်အောင် လုပ်ဆောင်ပေးနိုင်ဖို့၊ အုပ်ချုပ်ခံ ပြည်သူတွေရဲ့ လိုအပ်ချက်ကို အုပ်ချုပ်သူတွေက ဖြည့်ဆည်း လုပ်ဆောင်ပေးနိုင်ဖို့ ကျင့်စဉ်လည်း ဖြစ်ပါတယ်။

ဒီကနေ့ တရုတ်နိုင်ငံရဲ့ နိုင်ငံရေးအကျိုးစီးပွားကို အထူးတလည် ပုံကြမ်းဖော်ထားတာနဲ့တော့ လတ်တလောမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းဖို့ ဖြစ်နိုင်ဦးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် အဆုံးတနေ့မှာတော့ ဒီမိုကရေစီဟာ  တရုတ်နိုင်ငံမှာ အာဏာရှင်ပါတီတခုကို အမှီပြုနေရတာထက် ပိုပြီး အားကိုးအားထား ပြုနိုင်မယ့် အစိုးရကောင်းတရပ်၊ အနောက်နိုင်ငံ လူနေမှု အသိုင်းအဝိုင်းထက် ပိုမလျော့အောင် လုပ်ပေးနိုင်မယ့် အစိုးရကောင်းတရပ် သေသေချာချာ ထွက်ပေါ်လာစေမှာ ဖြစ်ပါတယ်။

မှတ်ချက်။  ဤဆောင်းပါးတွင် ဆောင်းပါးရှင်က မြန်မာနိုင်ငံအကြောင်း တလုံးမှပင် ရေးမထားပါ။ သို့သော် တရုတ်နိုင်ငံ၏ ဖြစ်ပျက်ပြောင်းလဲမှုများသည် အိမ်နီးချင်း မြန်မာနိုင်ငံအပေါ် အနည်းနှင့်အများ အကျိုးသက်ရောက်စေနိုင်သည်မှာ ထင်ရှားလှပါသည်။ နိုင်ငံတခုနှင့် အခြားနိုင်ငံတခုတို့သည် အခြေအနေသစ်တခုသို့ မည်သို့မျှ တူညီစွာ မပြောင်းလဲနိုင်ကြပါ။ သို့ဖြစ်၍ မြန်မာ့နိုင်ငံရေး လှုပ်ရှားသူများအတွက် အထောက်အကူပြုနိုင်မည့် ဒေသန္တရ နိုင်ငံရေး (Geopolitics)ဆိုင်ရာ ဗဟုသုတအဖြစ်နှင့်သာ လေ့လာမှတ်သားသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။
(မြန်မာဘာသာပြန်သူ)

မြန်မာဘာသာပြန်- လွင်အောင်စိုး
၂၀၀၈ခုနှစ် ဇန်နဝါရီလ (၁၄)ရက်

မူရင်းဆောင်းပါးရှင် - Francis Fukuyama (Professor of international political economy at the Johns Hopkins School of Advanced International Studies)
မူရင်းဆောင်းပါး - For China, stability comes before democracy
Post dated : Jan. 13, 2008
URL: http://www.yomiuri.co.jp/dy/world/20080113TDY08001.htm (or)
http://antidictatorship.wordpress.com/2008/01/13/for-china-stability-comes-before-democracy/